# ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄ ။ )

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ) အက်ဥပဒေ ပုဒ်မ ၃ တွင် ပါရှိသော "ပြည်ထောင်အချင်းချင်း သဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ သို့တည်းမဟုတ် အခြားစာချုပ်စာတမ်း" ဆိုသည့် စကားရပ်ကို "အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ) အက်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှာ -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ "

၄။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ) အက်ဥပဒေဇယား၊ Article-1 ၏ Section-1 တွင် ပါရှိသော "judicial" ဆိုသည့် စကားရပ်ကို "juridical" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

J

## ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေအား ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) ရေးဆွဲမှု စစ်ဆေးချက်ဇယား

| စဉ် | လက်ရှိဥပဒေ | ဥပဒေသစ် ပြဋ္ဌာန်းချက် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|
| ၁ | ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ (အခွင့် အရေးများနှင့် ကင်းလွတ်ခွင့် များ) အက်ဥပဒေ | ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ ) ၁၃၇၆ ခုနှစ်၊ လ၊ ရက် ၂၀၁၄ ခုနှစ်၊ လ၊ ရက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ ၁။ ဤဥပဒေကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့(အခွင့် အရေးများနှင့် ကင်းလွတ် ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ် တွင်စေရမည်။ | အဆိုပါ ကမ္ဘာ့ ကုလသမဂ္ဂ အဖွဲ့ (အခွင့် အရေးများနှင့် ကင်းလွတ်ခွင့်များ) အက် ဥပဒေသည် ၁၉၅၄ ခုနှစ် က ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ် ဖြစ်ခြင်း၊ ယင်းဥပဒေ၏ ရည်ရွယ် ချက်မှာ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့၏ အခွင့်အရေးများ နှင့် ကင်းလွတ်ခွင့်များဆို င် ရာ သဘောတူစာချုပ်ကို အကျိုး သက်ရောက်စေ |

| | | | |
|---|---|---|---|
| | | ၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့် အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေဆိုင်ရာ ပုဒ်မ ၃ တွင် ပါရှိသော 'ပြည်ထောင်အချင်းချင်း သဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ သို့တည်းမဟုတ် အခြားစာချုပ်စာတမ်း' ဆိုသည့် စကားရပ်အား **'အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာစာချုပ်များ'** ဆိုသည့် စကား ရပ်ဖြင့် အစားထိုးရမည်။<br><br>၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ | သင့်သည်လည်း တစ်ကြောင်း၊ အလားတူ အခွင့် အရေးများနှင့် ကင်းလွတ်ခွင့်များကို အခြား အပြည် ပြည်ဆိုင်ရာ အဖွဲ့အစည်း များ အားလည်းကောင်း၊ ထိုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် အရာရှိများအားလည်း ကောင်း၊ ခံစားစေနိုင် အောင် ပြုသင့်သည် လည်းတစ်ကြောင်းစသည့် အကြောင်းများဖြင့် ပြဋ္ဌာန်းထားသော ဥပဒေ တစ်ရပ်ဖြစ်ပြီး လက်ရှိ ခေတ်အခြေအနေနှင့် လိုက်လျော ညီထွေမှု |

| | | | |
|---|---|---|---|
| | | (အခွင့် အရေးများနှင့် ကင်းလွတ် ခွင့်များ) အက်ဥပဒေဆိုင်ရာ ပုဒ်မ ၄ အား အောက်ပါအတိုင်း အစားထိုးရမည်။<br><br>**နိုင်ငံခြားရေးဝန်ကြီးဌာန သည် ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ ထုတ်ပြန်နိုင် သည်။**<br><br>၄။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့် အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေဆိုင်ရာ ဇယား၊ Article-1 ၏ Section-1 တွင် ပါရှိသော **“judicial”** ဆိုသည့် စကားရပ်အစား **“juridical”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။ | ရှိသည့် စကားလုံးများကို အစားထိုးအသုံးပြုနိုင်ရေး အတွက် ပြင်ဆင် ပြဋ္ဌာန်းသင့်သော ဥပဒေတစ်ရပ် ဖြစ်ပါသည်။ |

| | | | |
|---|---|---|---|
| | | | |